**JADRAN PISMO d.o.o.**

Information service for seafarers • Rijeka, Franje Brentinija 3
Tel. +385 51 403 188, 403 185 • Fax +385 51 403 189 • email:news@jadranpismo.hr
www.micportal.com • www.dailynewsonboard.com

COPYRIGHT © - Information appearing in Jadran pismo is the copyright of Jadran pismo d.o.o. Rijeka and must not be reproduced in any medium without licence or should not be forwarded or re-transmitted to any other non-subscribing vessel or individual.

**Myanmar News No.240**

**24 October, 2011**

# ပြည်တွင်းသတင်း ( အောက်တိုဘာ ၂၄ ရက်, ၂၀၁၁ ခုနှစ် )

အပူချိန် - ၃၃ ံ စင်တီဂရိတ် မှ ၂၅ ံ စင်တီဂရိတ် အတွင်း
လေတိုက်နှုန်း - အရှေ့မြောက်ဘက်မှ တစ်နာရီလျှင် ၃ မိုင် နှုန်း တိုက်ခတ်နိုင်

## ၁။ ရွှေ့ပြောင်းမြန်မာလုပ်သားများကို နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူး လက်မှတ်ထုတ်ပေးရန်ရုံး ခွဲငါးခု စတင်ဖွင့်လှစ်တော့မည်

ရွှေ့ပြောင်းမြန်မာလုပ်သားများအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် အတွက် ရုံးခွဲငါးခုကို ထိုင်းနိုင်ငံအတွင်း၌ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်မည့် ငါးနေရာမှာ Samut Prakam တွင်တစ်ရုံး၊ Samut Sakorn တွင်ရုံးနှစ်ရုံး၊ ချင်းရိုင်တွင် တစ်ရုံးနှင့် ရနောင်းတွင်တစ်ရုံးတို့ဖြစ်သည်။

ထိုကဲ့သို့ဖွင့်လှစ်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဒုတိယဝန်ကြီးမြင့်သိန်း ဦးဆောင်သည့် အဖွဲ့သည် ၂၀၁၁ ခုနှစ်အောက်တိုဘာ ၁၁ ရက် မှ ၁၃ရက်အထိထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံသို့စေလွှတ်မည့်အလုပ်သမားများကို နယ်စပ်သုံးနေရာအပြင်လေကြောင်းခရီးဖြင့် စေလွှတ်ကြရေးအတွက် သဘောတူညီခဲ့ကြပြီး အလုပ်ရှင်/အလုပ်သမားသဘောတူစာချုပ်များတွင်လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းရေးအတွက် ထည့်သွင်းစာချုပ် ချုပ်ဆိုရေးနှင့်ထိုသဘောတူစာချုပ်များအားမြန်မာဘာသာဖြင့် ထည့်သွင်းချုပ်ဆိုရေး တို့သဘောတူခဲ့ကြကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း တရားမဝင် အလုပ်သမားများကို နယ်စပ်ဂိတ်များတွင် ပြည်နှင်မည်ဆိုပါက လူကုန်ကူးမှုမခံကြရစေရန်နှင့် နှစ်နိုင်ငံ အသိပေးအကြောင်းကြားပြီးမှ ပြည်နယ်ရေး ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် Labour Attache တစ်ဦးထားကာ ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးဖြေရှင်းပေးရေးတို့ ကိုလည်း သဘောတူခဲ့ကြကြောင်းဆွေးနွေးပွဲတက်ရောက်ခဲ့သူ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ရဲမှူးကြီးဝင်းနိုင်ထွန်းက ပြောသည်။

## ၂။ ကန်ဒေါ်လာ သန်း ၁၂၀ ကုန်ကျမည့် စစ်တွေရေနက်ဆိပ်ကမ်း စီမံကိန်း ၂၀၁၃ တွင်တည်ဆောက်မည်

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖြစ်
စစ်တွေရေ
နက်ဆိပ်ကမ်းကို ၂၀၁၃ ခုနှစ်တွင် တည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။

စစ်တွေရေနက်ပိုင်းဆိပ်ကမ်းတည်ဆောက်မှုကို အမေရိကန်ဒေါ်လာသန်း ၁၂၀ အကုန်ကျခံတည်ဆောက်သွားမည်ဟုလည်း သိရသည်။

စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်ပြီးစီးပါက ကုန်းပတ်လည်ဝန်းရံနေသော မီဇိုရမ်မှ ကုန်တင်သင်္ဘောများအား ကုလားတန်မြစ်သို့ သွားလာနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့်အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း အဆက်အသွယ်မပြတ်ရှိစေမည်ဖြစ်ကြောင်းသိရသည်။

စစ်တွေရေနက်ပိုင်းဆိပ်ကမ်းတည်ဆောက်မှုအား ၂၀၁၄ခုနှစ်တွင်အပြီးသတ်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ထားကြောင်းသိရသည်။ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့အနေဖြင့် ၂၀၁၅ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်ရေးကို အမေရိကန်ဒေါ်လာ သုံးဘီလီယံ အထိ နှစ်ဆတိုးမြှင့်ရန်ရည်မှန်းထားကြောင်းသိရသည်။

နှစ်နိုင်ငံကုန်သွယ်ရေးရည်မှန်းချက်အရ အိန္ဒိယနိုင်ငံ၏ ONGC Videshi GAIL နှင့် Essar Group ကဲ့သို့သော စွမ်းအင် ကုမ္ပဏီတို့က မြန်မာနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

၃။ နိုင်ငံခြားစက်များဖြင့် ဒေါ်လာအတု အစစ်ခွဲမည်

တရုတ်(တိုင်ပေ)၊ ကိုရီးယားနှင့်တရုတ်နိုင်ငံများမှ စက်များကိုအသုံးပြုကာ နိုင်ငံခြားငွေအတုအစစ်ခွဲခြားနေသည်ဟု သိမ်ဖြူနိုင်ငံခြားငွေလဲလှယ်ရေးစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုတော့ ဒေါ်လာ၊ အက်ဖ်အီးစီးအတုလာလဲတဲ့ကိစ္စတွေ မရှိသေးဘူး။မရှိအောင်လဲ
အ
တက်နိုင်ဆုံး ဂရုပြုစစ်ဆေးနေပါတယ်။ စင်တာမှာရှိတဲ့ ဘဏ်ခြောက်ခုစလုံးဒီသုံးနိုင်ငံကစက်တွေကိုအသုံးပြုတယ်။ စက်တွေက အဆင့်မြင့်တယ်။ စစ်လိုက်လို့ ဒေါ်လာ အက်ဖ်အီးစီအတုဆိုတာနဲ့ စက်က လက်မခံဘူး။ ပြန်ထွက်လာတယ်၊ အုပ်လုပ်ဆိုရင်လဲအတုရှိတဲ့အရွက်ဆိုရင်ရပ်သွားတယ်။ စက်ကလက်မခံဘူး။ အဆင့်တန်းမီတဲ့စက်တွေကို အသုံးပြုထားတာပါ" ဟု ယင်းက ပြောသည်။

နိုင်ငံခြားငွေအတုလဲလှယ်ခြင်း များရှိလာပါက မည်သူ ၊မည်ဝါလဲလှယ်သည်ဟူ၍ သိရှိရန်အတွက် မှတ်ပုံတင်ယူဆောင်လာခိုင်းခြင်းဖြစ်ကြောင်းသိရသည်။

"ဒေါ်လာ လာလဲတဲ့သူတွေကတော့အများကြီးပဲ၊ အတုလာလဲရဲမယ်လို့ တော့မထင်ဘူး။ဒီလိုအဆင့်မီတဲ့စက်တွေနဲ့အတု၊ အစစ် စစ်ဆေးတာကောင်းပါတယ်၊ဘယ်အရာမဆိုအတုတော့ပေါ်တာပါပဲ"လို့ နိုင်ငံခြားငွေလာရောက်လဲလှယ်သူတစ်ဦးက ပြောသည်။

၄။ အငြိမ်းစားဂုဏ်ပြုငွေမရသည့်အပေါ် ဆရာဝန်ကြီးတစ်ဦးက တရားစွဲဆိုမည်

PSI မြန်မာတွင် ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မန္တလေးမြို့တွင် ရုံးခွဲတာဝန်ခံနှင့်အကြီးတန်း အကြံပေးအရာရှိ အဖြစ်ဆောင်ရွက်ခဲ့သူ ဒေါက်တာတင်ဦးက အလုပ်မှ အငြိမ်းစားယူပြီးသည့်နောက် အလုပ်မှ အနားယူချိန်တွင်ပေးသော လုပ်သက်ဆိုင်ရာ ဆု ယနေ့အထိ ရရှိခြင်းမရှိ

သေးသည့်အပေါ် PSI မြန်မာမှ တာဝန်ရှိသူအား တရားရုံးမှ တစ်ဆင့် တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၈ ရက်တွင် မန္တလေးစာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံပွဲ၌ ရှင်းလင်းပြောကြားသည်။

"PSI ကထုတ်ပြန်ထားတဲ့ အငြိမ်းစားဆိုင်ရာ မူဝါဒအရတရားစွဲဆိုမှာပါ။ အငြိမ်းစားယူတဲ့အသက် ၆၀ ဟုသတ်မှတ်ထားပါတယ်။ အသက်ပြည့်ချိန် အငြိမ်းစားယူတဲ့အခါ အချိန်ပြည့်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းတစ်ဦးအနေနဲ့ အငြိမ်းစားယူခြင်းဆိုင်ရာ အခွင့်အရေးစတင်ခံစားခွင့်ရပါတယ်။ ၂၀၀၈ ခုနှစ်ဩဂုတ်လ ၂၀ ရက်နောက်ပိုင်း PSI တွင်
အလုပ်ဝင်တဲ့ဝန်ထမ်းကိုလုပ်သက်
ဆု ဒီရက်မတိုင်မီ အလုပ်ဝင်တဲ့ဝန်ထမ်းကို လုပ်သက်ဆုအပြင် ၂၀၀၈ ခုနှစ်
ဩဂုတ်လထုတ်လ
စာနဲ့ ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းတစ်ဦးအနေနဲ့ အခွင့်အရေးစတင်ခံစားခွင့်ရပါတယ်။ ၂၀၀၈ ခုနှစ်ဩဂုတ်လ ၂၀ ရက်နောက်ပိုင်း PSI တွင် အလုပ်ဝင်တဲ့ဝန်ထမ်းကိုလုပ်သက်ဆု
ဒီရက်မတိုင်မီ
အလုပ်ဝင်တဲ့ဝန်ထမ်းကို လုပ်သက်ဆုအပြင် ၂၀၀၈ ခုနှစ် ဩဂုတ်လထုတ်လစာနဲ့ ၂၀၀၈ခုနှစ်ဩဂုတ်လ ၂၀ ရက်ရှိ လုပ်သက်မြှောက်ပြီးပေးတဲ့ငွေပါ။ ကျွန်တော့်တို့အနေနဲ့ ဒေါ်လာ၁၆၀၀၀ကျော်ရရှိဖို့ရှိပါတယ်"ဟု ယင်းက ရှင်းလင်းပြောသည်။

PSI မြန်မာတွင်စတင်ဖွင့်လှစ်ချိန်မှစ၍ တာဝန်ခံအကြီးအကဲ လေးဦးရှိခဲ့သည်။ ဒေါက်တာဦးတင်ဦးအနေဖြင့် လုပ်သက်ဆုနှင့် အငြိမ်းစားယူခြင်းဆိုင်ရာ ဆုများကို သွားရောက်တောင်းခံရာ မြန်မာနိုင်ငံတာဝန်ခံမန်နေဂျာမှ PSI အကြောင်း ပြင်ပကို မပြောပါနဲ့ ပိုက်ဆံလိုချင်ရင် မပြောဘူးဆိုတဲ့ ဝန်ခံချက်လက်မှတ်ရေးထိုးမှ ထုတ်ပေးမည်ဟု ပြောကြားရာ၎င်းကဝန်ခံကတိလက်မှတ်ရေးထိုးခြင်းမပြုသည့်အတွက် ငွေထုတ်မပေးခြင်း ဖြစ်ကြောင်းသိရသည်။

၎င်းအနေဖြင့် FEC ၁၆၈၆၅ ရရှိရန်ရာ ယခုအခါ မြန်မာနိုင်ငံမှ ကျန်ဝန်ထမ်းများ သူ့မလိုမခံရရန်၊ သူ့အဖြစ်မျိုး မကြုံတွေ့စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန လူ့အခွင့်အရေးကော်မရှင်အဖွဲ့(မြန်မာနိုင်ငံ) တို့သို့ အသိပေးစာများ ပေးပို့ပြီးဖြစ်သည့်အပြင် တရားစွဲဆိုနိုင်ရန်အတွက် ကျွမ်းကျင်သော ဥပဒေပညာရှင်(ရှေ့နေ) များ၏ အကူအညီရယူလျက်ရှိကြောင်းသိရသည်။

ယင်းကိစ္စကိုလူ့အခွင့်အရေးကော်မရှင်စတင်စိစစ်မှုလုပ်နေပြီဖြစ်ကြောင်းလည်းဥပဒေပညာရှင်ဒေါက်တာဒေါ်သန့်နွဲ့က ပြောသည်။

"လာတိုင်တဲ့ စာတွေကို သက်ဆိုင်ရာဌာနတွေ၊
ကာယကံရှင်တွေဆီကိုပြန်အကြောင်းကြား
စာတွေအနေနဲ့ ပို့ပေးနေပါတယ်။တိုင်စာတွေလဲရောက်လာတာအရမ်းမြန်တယ်၊အရေးယမှုအပိုင်းကတော့ Cause အပေါ်မှာ မူတည်တယ်။ ဆင့်ခေါ်ရမယ့် ကိစ္စမျိုးဆိုရင်လဲ
နှစ်ဖက်ခေါ်ယူဖြေရှင်း
နိုင်ဖို့ လုပ်နေပါတယ်" ဟု ယင်းကရှင်းပြသည်။

၅။ တာဝန်ပျက်ကွက်မှုနှင့် လာဘ်ငွေယူသည့်တပ်ဖွဲ့ဝင်များကို ရာထူးကြီးငယ်မရွေး
ဖော်ထုတ်အရေးယူ

မှုများပြုလုပ်ပြီ

လောင်းကစားမှု ကိုဖမ်းဆီးရန်တာဝန်ပျက်ကွက်သည့်တပ်ဖွဲ့ဝင်များနှင့်လောင်းကစားသမားများထံမှ လာဘ်ငွေယူသည့်တပ်ဖွဲ့ဝင်များကိုရာထူးကြီးငယ်မရွေးစစ်ဆေးဖော်ထုတ်အရေးယူမှုများပြုလုပ်နေကြောင်းသိရသည်။

ယင်းကိစ္စကို မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် ၉ မှ ဦးစောအုန်း၏ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းများကိုများစွာထိခိုက်စေသည့် လောင်းကစားမှုများ ကင်းစင်ပပျောက်သွားစေရန်
လူထုလှုပ်ရှားမှုအပါအဝင်နည်းမျိုးစုံဖြင့်ဆောင်
ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းရာမှ ဝန်ကြီးဗိုလ်ချုပ်ကျော်ဇံမြင့်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"လောင်းကစားမှုတွေကို အထူးစီမံချက်တွေရေးဆွဲပြီး ဖမ်းဆီးအရေးယူနေတဲ့ ကာလတစ်ခုပါ။ ဌာနဆိုင်ရာက တာဝန်ရှိသူတွေအနေနဲ့ လဲ လောင်းကစားမှုပြုလုပ်တဲ့သူတွေကိုအကြောင်းအမျိုးမျိုးကြောင့် မဖမ်းဆီးဘူးဆိုရင် သူတို့တွေက မကောင်းတဲ့လောင်းကစားမှုတွေကို အားပေးရာရောက်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ထဲရေးဝန်ကြီး ဌာနအနေဖြင့် လောင်းကစားမှုများကို နေ့စဉ်ကြပ်မတ်လျက်ရှိပြီး နေ့အလိုက် အပတ်စဉ် အလိုက်၊ လအလိုက် တိုးတက်မှုမရှိစေရန် တွန်းအားပေးမှုများ အမြဲမပြတ်ပြုလုပ်ပေးလျက်ရှိပြီး လောင်းကစားသူများနှင့် ဆက်သွယ်မသမာမှုပြုလုပ်သည်ဟု သတင်းများကြားသိရလျှင်တိုင်စာများရောက်ရှိလာခဲ့လျှင်လည်းချက်ချင်းစစ်ဆေးဖော်ထုတ်မှုများပြုလုပ်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြောသည်။

၆။ အင်းဝဘုရင် ဒုတိယမင်းခေါင်
ဆောက်လုပ်လှူဒါန်းခဲ့သောသစ်သားကျောင်းဆောင်ကြီးပြိုကျပျက်စီး

စစ်ကိုင်းတောင်ရိုး အရိယာဝံသကျောင်းဝင်းတွင် အင်းဝဘုရင် ဒုတိယခေါင်းဆောင် သက္ကရာဇ် ၁၆၄ ခရစ်နှစ် ၁၄၀၂-၁၄၂၂ လက်ထက်က ဆောက်လုပ်လှူဒါန်းခဲ့သော ရှေးဟောင်းဘုရားကျောင်းဆောင်ကြီးမှာ နှစ်ပရိစ္ဆေဒကြာမြင့်မှုကြောင့် ပျက်စီးယိုယွင်းခဲ့ရာ အောက်တိုဘာ ၃ရက် နံနက် ၉ နာရီ ၃၀ ခန့်က ပြိုကျပျက်စီးသွားကြောင်းသိရသည်။

ပြိုကျပျက်စီးသွားသော ကျောင်းဆောင်မှာ အရှေ့ဘက်ထိပ်တွင် တောင်မြောက် အလျားကိုးပေ သုံးခန်းရှိ ဘုရားကျောင်းဆောင်အလွယ်တွင် လေးခန်းx သုံးခန်းရှိ သံဃာဆောင်နှင့် ခြေရင်းမှာလည်း သုံးခန်းတွဲတစ်ဆောင်ပါရှိကာ တောင်ဘက်တွင် အုတ်လှေကားနစ်စင်းပါရှိသည်။

"ဦးပဥ္စင်း အရိယာဝံသကျောင်းမှာ သီတင်သုံးတာ နှစ် ၂၀ ရှိပါပြီ။ အဲဒီအချိန်ကတည်းက ကျောင်းကြီးအတော်အိုနေတာတွေ့ရတယ်။ သံဃာတစ်ပါးသီတင်းသုံးတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော ဤရှေးဟောင်းသစ်သားကျောင်းအား ယာဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ကာကွယ်စောင့်ရှောက်ထားပါသည်ဆိုတဲ့ဆိုင်းဘုတ်တစ်ခုစိုက်ထူပြီး ကျောင်းကို သွပ်ဆူးကြိုးဝင်းခြံကာတယ်၊ အုတ်သွပ်မိုး ပျဉ်ကာပျဉ်ခင်း ရှေးဟောင်းအဆောက်အအုံဖြစ်တဲ့ အတွက် အဲဒီတုန်းက အနည်းငယ်ပြုပြင်တာတော့ တွေ့ခဲ့ရတယ်"ဟု လက်ရှိ အရိယာဝံသကျောင်းတိုက်ဝင်းစောင့်

ရောက်သီတင်းသုံးနေသည့် ဆရာတော်အရှင်နန္ဒမဥ္ဇူကမိန့်သည်။

"ဒီကျောင်းဆောင်ကို ရှေးက ထိန်းသိမ်းတယ်ဆိုတဲ့ ဆိုင်းဘုတ်သာစိုက်ထူထားသောလာရောက်ပြုပြင်မှုမရှိဘူးအဲဒါကြောင့် နိုင်ငံတော်က ရှေးဟောင်းအဖြစ် ထိန်းသိမ်းပြီးဖြစ်လို့ ပြုပြင်လို့မရဘူးအခုတော့ ပြိုကျသွားပြီ၊ အောက်တိုဘာ ၈ ရက်ကစပြီးပြိုကျတာတွေကိုရှေးဟောင်းကလာရောက်ရှင်းလင်းတာ တွေ့ရတယ်" ဟု ဆရာတော်ကမိန့်ကြားသည်။

၇။ မြောက်ဦးမြို့တွင် ရှေးဟောင်းအင်းဆန် ကျောက်စာတချပ်ရရှိ

ရခိုင်ပြည်နယ်ရှေးဟောင်းမြောက်ဦးမြို့ရှိလက်ဆည်ကန်မြောက်ဘက်ရွှေပေါက်ပင်မြို့ရိုးအနီးမှ ရှေးဟောင်းအင်းဆန်ကျောက်စာ တစ်ချပ်အား မကြာသေးမီက တူးဖော်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါကျောက်စာအား မြောက်ဦးမြို့ ဗန္ဓုလရပ်ကွက်မှ ဦးမောင်စောဖြူက ရွှေပေါက်ပင်တံခါးဝအတွင်းမျက်နှာရှိ ညောင်ပင်ခြေရင်း ခြေဝတွင်းထဲသို့ မြွေဝင်သွားသည်ကိုတူးဖော်ရာမှတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျောက်စာ၏ အလျားမှာ လေးပေ လေးလက်မ၊ အနံ ၂လက်မခွဲမှာ ထုခုနစ်လက်မရှိကြောင်းသိရသည်။

ကျောက်စာမှာ "အထွက်လက်ခ"ဟု စာလုံးများအထင်အရှားပါရှိပြီးအင်းကွက်တစ်ကွက်၏အတိုင်းအတာမှာ နှစ်လက်မ ပတ်လည်ရှိကြောင်း သိရသည်။ ကျောက်စာမှာ မြောက်ဦးခေတ်၌ ရေးထိုးခဲ့ခြင်းဖြစ်ပြီး ရှေးရခိုင်ဘုရင်တို့၏ မြို့သက်ရှည်ရေး၊ နန်းသက်ရှည်ရေးအတွက်အရံအတားအဖြစ် စိုက်ထူထားသော ကိုးနဝင်းအင်းဆန်ကျောက်စာဖြစ်ကြောင်း မြောက်ဦးမြို့ရှေးဟောင်းသုတေသနမှသိရသည်။

လက်ရှိတွင် အဆိုပါကျောက်စာကိုမြောက်ဦးပြတိုက်သို့သယ်ဆောင်သိမ်းဆည်းထားသည်။

၈။ အကျဉ်းသားများ ပြန်လည်လွတ်မြောက်မှုအပေါ် ဘန်ကီမွန်း ကြိုဆို

မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ အကျဉ်းသား၆၃၅၉ဦးကို အောက်တိုဘာ ၁၃ ရက်က ပြန်လည်လွှတ်ပေးလိုက်ခြင်းအပေါ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ် ဘန်ကီမွန်းက ကြိုဆိုလိုက်ကြောင်း အတွင်းရေးမှူးချုပ်ရုံး လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် Eduardo Del Buey ကပြောကြားလိုက်ကြောင်းသိရသည်။

"ထင်ရှားကျော်ကြားတဲ့သူတွေ အပါအဝင် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူအချို့ကို လွှတ်ပေးခဲ့တဲ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုလိုက်ပါတယ်။
ကျန်ရှိ
နေသေး တဲ့သူတွေအားလုံးကိုလဲ လွှတ်ပေးဦးမယ်လို့ သူက မျှော်လင့်ထားပါတယ်။မြန်မာအစိုးရအနေနဲ့ အခြေခံ ဥပဒေတွေကို လေးစားဖို့နဲ့ တရားဥပဒေစိုးမိုးမှုရှိဖို့အတွက်လဲ ဆက်လက်အကောင်အထည်ဖော်သွားဖို့ လိုပါတယ်လို့ သူက ပြောပါတယ်" Eduardo Del Buey က ပြောကြားကြောင်းVOA မှသိရသည်။

၉။ ဦးသန့်ကို ဂုဏ်ပြု၍ ရုပ်တု၊ စာကြည့်တိုက်နှင့် ပြခန်းတည်ဆောက်မည်

ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့သားကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဟောင်း ပန်းတနော်အမျိုးသား ကျောင်းအုပ်ကြီး ဦးဝဏ္ဏကျော်ထင်၊သီရိပျံချီ၊ စည်သူ၊မဟာစည်သူ၊ ဒေါက်တာဦးသန့်အားဂုဏ်ပြု၍ ပန်းတနော် မြို့၊ မြို့သစ်ရပ်ကွက်ပုသိမ်ရန်ကုန်ကားလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းထောင့်တွင် ပေ ၄၀ x ၁၂၀ ရှိမြေကွက်၌
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦး
သန့်ပုံတူရုပ်တု၊ စာကြည့်တိုက်နှင့် ပြခန်းတည်ဆောက်ထားရှိမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် ပန်းတနော် မြို့ မြတောင်စာသင်တိုက်ဒုတိယနာယကဆရာတော်အ ရှင်ကုမာရနှင့် ပန်းတနော်အသင်း(ရန်ကုန်) မှ အမှုဆောင်လူကြီးများ ဆရာကြီးဦးသန့်အားကြည် ညိုလေးစားကြသောဒေသခံများပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းအောင်မြင်ရေးအတွက်ပါဝင်လှူဒါန်းလိုသူများသည် အရှင်ကုမာရ-မြတောင်စာ သင်တိုက်၊ဖုန်း ၀၄၆-၃၀၃၄၇၊ ၀၉-၄၉၇၂၀၃၁၆၊ဦးကြူပွင့်(နာယက)ရန်ကုန်မြို့ဖုန်း ၀၁-၅၁၀၁၅၆ ဦးသိန်းအောင် (ဥက္ကဋ္ဌ)ရန်ကုန် ဖုန်း၀၁-၃၇၈၇၄၅၊ ဦးဝင်းမောင်(အတွင်းရေးမှူး)ရန်ကုန် ဖုန်း၀၁-၅ ၄၄၂၀၀၊ ဦးစိုးသိန်း၊ ပန်းတနော်မြို့ ဖုန်း ၀၄၆-၃၀၂၂၅၊ ဦးတင်စိုး၊ ပန်းတနော်မြို့၊ ဖုန်း ၀၉၈၅-၄၃၁ ၈၆ သို့ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။

၁၀။ ထောင်တွင်းစာကြည့်တိုက် တည်ထောင်ခဲ့သည့်ဇာဂနာ

မြစ်ကြီးနားထောင်တွင် အကျဉ်းကျခံနေရစဉ်အတွင်းထောင်တွင်း၌ကိုယ်ပိုင်စာကြည့်တိုက် တစ်ခုကို တည်ထောင်ခဲ့သည်ဟု ဟာသသရုပ်ဆောင် ဇာဂနာကပြောသည်။

"ကျွန်တော်အပတ်တိုင်းဂျာနယ်တွေဝယ်တယ်၊ ထောင်ထဲမှာ ဂျာနယ် ၁၃ စောင်ဖက်ခွင့်ရ တယ်။ ကျွန်တော့်ညီမက ထောင်နီးနားက "ဝင်း"စာပေ ကိုငွေပို့ပေးတယ်။ အဲဒီကနေတစ်ဆင့် ကျွန်တော်လိုချင်တဲ့စာအုပ်၊ တွေမှာတယ်၊ နောက် အန်တီ(ဒေါ်အောင်ဆန်းစုကြည်) ကလည်းသူ လွတ်ကတည်းက ကျွန်တော့်ဆီစာအုပ်တွေကို ပါဆယ်နဲ့ပို့ပို့ပေးတယ်။ကျွန်တော်နေရတဲ့အဆောင် က အခန်းတစ်ခန်းမှာ စာကြည့်တိုက်လေးလုပ်ပေးတယ်။ ထူးဆန်းတာတစ်ခုက ယုံကြည်ချက် ကြောင့် အကျဉ်းသားဆိုသူတွေတော်တော်များများက စာမဖတ်ဘူးဗျ၊ တခြားအမှုနဲ့ကျတဲ့သူတွေ ကမှ ဖက်သေးတယ်။ ကျွန်တော်က ကျွန်တော့်စာကြည့်တိုက်မှာ ယုံကြည်ချက်ကြောင့် ထောင်ကျ တဲ့သူတွေကို စာမဖတ်မနေရလုပ်ထားလိုက်တယ်၊ ဖတ်လား၊ မဖတ်လားလည်း ကျွန်တော်ကသိပ် စစ်တက်တာ၊ ကျွန်တော်တို့ကို တစ်ပတ်နှစ်ခါအမဲသားပေးတယ်။ စာမဖတ်ထားရင် မဖက်တဲ့သူကို အမဲသားဟင်းတစ်တုံးဖြတ်တယ်။ခုကျွန်တော်ထွက်လာတော့ စာအုပ်တွေ ဒီတိုင်းထားခဲ့တယ်။ ခု နောက်ဆုံးဖတ်ထားတဲ့ကစ်ဆင်းဂျားရဲ့ On China စာအုပ်လည်း ထားခဲ့တယ်" ဟု ဇာဂနာကရင်း ၏ထောင်တွင်းစာကြည့်တိုက်အကြောင်းပြောပြသည်။

အကျဉ်းထောင်ထဲတွင် ၎င်းထွက်မလာခင်နောက်ဆုံးအချိန်ထိလူဖက်အများဆုံးဂျာနယ်မှာ ၎င်း၏မှတ်တမ်းအရပြည်သူ့ခေတ်ဂျာနယ်ဖြစ်နေပြီး ရုံဖန်ရံခါတွင်မင်းသား မင်းသမီးပုံပါသော မဂ္ဂ ဇင်းဂျာနယ်များမှာ ဆုတ်ဖြဲခံထားရခြင်းများရှိနေတက်သည်ဟု ဖြေကြားခဲ့သည်။ "တခြားဝန်ထမ်း မိသားစုပုံလုတပတလေး မတွေ့လိုက်နဲ့အကွင်းလိုက် အချက်လိုက်ကြီးလှီးဖြတ်ယူထားကြရော။ ကျန်တဲ့သူက ဖတ်မယ်လုပ်ရော ဖတ်မရတော့ဘူး။ ဒီလိုမျိုးတွေလည်း ရှိတက်သေးတယ်" ဟုဇာ ဂနာ ကဆက်လက်ပြောကြားသည်။

၁၁။ ကမ္ဘာ့အဆင့်မီ သီးနှံမျိုးသစ်များ တီထွင် ထုတ်လုပ်နိုင်သူ ကိုဆုငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဟုဆို

ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရပညာရှင်များကဏ္ဍမှ သီးနှံဆယ်မျိုးကို ကမ္ဘာ့အဆင့်အဖြစ်ထုတ်လုပ်နိုင်ပြီဆိုပါက ဝန်ကြီးဌာနမှ စစ်ဆေးပြီး သီးနှံတစ်မျိုးအတွက် ကျပ်သိန်း ၁၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်းလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်ကယနေ့ကျင်းပသော ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင်ပြောကြားသည်။

တီထွင်မှုများအတွက်အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍမှ ပညာရှင်များပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီးပထမအဆင့်အနေဖြင့် ဝန်ကြီးဌာနက အသိအမှတ်ပြုပြီးနောက်နိုင်ငံတော်အဆင့် အသိအမှတ်ပြုဂုဏ်ပြုနိုင်ရန်အတွက်ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းအစီအစဉ်ကိုတစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့သိရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားသည်။

"မိမိတို့နိုင်ငံတော်ရဲ့ အဓိက သီးနှံများမှာ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက်မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြဖို့လိုအပ်နေပါတယ်။ ဒါကြောင့်စပါး၊ကြံ၊ဝါ၊အစေ့ထုတ်ပြောင်း၊မြေပဲ၊နှမ်း၊နေကြာ၊မတ်ပဲ၊ပဲတီစိမ်း၊ ပဲစင်းငုံ၊ သီးနှံများအတွက် မျိုးသစ်များ သုတေသနပြုထုတ်လုပ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

၁၂။ မော်လမြိုင်၌ လူသတ်ပြီးထွက်ပြေးနေသည့် လူသတ်တရားခံအား ရန်ကုန်ဘူတာကြီး၌ ဖမ်းဆီးရမိ

မော်လမြိုင်၌ လူသတ်ပြီးထွက်ပြေးနေသည့် လူသတ်တရားခံအား ရန်ကုန်ဘူတာကြီး၌ ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်ဘူတာကြီးရှိ ရထားရဲတပ်ဖွဲ့ စခန်းမှ သတင်းရရှိသည်။

အဆိုပါလူသတ်တရားခံအား ဖမ်းဆီးရမိသည့်ဖြစ်စဉ်မှာ ပြီးခဲ့သည့်စက်တင်ဘာလ၂၆ရက်နေ့ည၈ နာရီ ခွဲတွင်ရထားရဲစခန်းရှိ နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးဘူတာရုံးအတွင်းလှည့်လည် တာဝန်ဆောင်ရွက်နေစဉ် ၂/၃ စင်္ကြံ၌ မသင်္ကာဖွယ်ရာလူတစ်ဦးကို တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးရာမှ ၎င်းမှာမော်လမြိုင်၌ လူသတ်ပြီး ထွက်ပြေးတိမ်းရှောင်လာသူတစ်ဦးဖြစ်ကြောင်းစစ်ဆေးတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ လူသတ်ပြီး
ထွက်ပြေးတိမ်းရှောင်နေသည့်တရားခံမှာ
မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် သီတာလမ်း၊ အိမ်အမှတ် ၅၇ တွင်နေထိုင်သော အသက် ၂၅နှစ်အရွယ်ရှိ မျိုးနိုင် (ခ) စိုးကြီး(ခ)အလီဆိုသဖြစ်ပြီး ၎င်းသည်ဇွန်လ ၈ ရက်နေ့ကတစ်လမ်းတည်းနေဘူကလီး(ခ) သန်းဝင်းဆိုသူနှင့်အရက်ဆိုင်တွင်အရက်အတူသောက်နေရာမှ စကားများရန်ဖြစ်ပြီးသစ်သားတုတ်ဖြင့် အပြန်အလှန်ရိုက်ကြရာ ဘူကလီးမှာ လဲကျသေဆုံးသွားသဖြင့် ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"စက်တင်ဘာလ ၂၆ ရက်နေ့ည ၈ နာရီခွဲလောက်ကကျွန်တော်တို့အဖွဲ့ဘူတာရုံထဲမှာလှည့်လည် စစ်ဆေးနေတုန်း ၂/၃ စင်္ကြံမှာ ဦးထုတ်ကို ခေါင်းငိုက်ဆောင်းထားပြီး မယောင်မလည်လုပ်နေတဲ့ လူတစ်ယောက်ကိုတွေ့တာနဲ့ မသင်္ကာလို့စစ်ဆေးရင်း ဒီအမှုပေါ်လာတာပါ" ဟု ရန်ကုန်ဘူတာကြီးရှိ ရထားရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်ဦးစိုးနိုင်ဝင်းကဆိုပါသည်။ယင်းလူသတ်တရားခံကိုစက်ဘာလ ၂၇ ရက်နေ့က မော်လမြိုင်မြို့မရဲစခန်းသို့လွှဲပြောင်းပေးအပ်ခဲ့ပြီး(ပ)၁၆၅/၂၀၁၁ပြစ်မှု၃၀၂/၅၁၂ ဖြင့်အရေးယူထားကြောင်းသိရှိရသည်။

၁၃။ ထားဝယ်အထူးစီးပွားရေးဇုန်မှ ထိုင်းနိုင်ငံသို့ဖောက်လုပ်မည့် လေးလမ်းသွားကားလမ်းကို ၂၀၁၂ ခု
နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးရန် မျှော်မှန်း

ထားဝယ်အထူးဆိပ်ကမ်းစီးပွားရေးဇုန်မှ ထိုင်းနိုင်ငံသို့ဖောက်လုပ်မည့် လေးလမ်းသွားကားလမ်းကို ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးရန် မျှော်မှန်းထားကြောင်း စက်မှုဇုန် များဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သူရဦးသောင်းလွင်က ပြောကြားခဲ့သည်။

၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်း အပြီးဖောက်လုပ်မည့် လေးလမ်းသွားကားလမ်းမကြီးသည် မိုင် ၁၀၀ ကျော်ခန့်ရှည်လျားပြီး ထားဝယ် အထူးစီးပွားရေးဇုန်မှထိုင်းနိုင်ငံကန်ချနပူရီသို့ဆက်သွယ်မည့်ကားလမ်းဖြစ်ကြောင်းသိရသည်။

"ဒီကားလမ်းမကြီးဟာ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံအတွက် အရေးပါတဲ့လမ်းမကြီးဖြစ်လာမှာပါ ထားဝယ်အထူးစီးပွားရေးဇုန်မှထွက်ရှိသည့်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာမှာလည်းအထောက်အကူ အများကြီးဖြစ်စေမှာပါ။ဒီအထူးစီးပွားရေးဇုန်မှာတရုတ် ဂျပန်၊ ထိုင်းနိုင်ငံက ကုမ္ပဏီကြီးတွေ က ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်ဝင်စားနေကြပါတယ်"ဟုငင်းကဆက်လက်ပြောကြားခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိကို တည်ဆောက်ရေးလုပ်ငန်းအဆင့် (၁) ငါးနှစ် စီမံကိန်းအဖြစ် စတင်တည်ဆောက်နေပြီး ၂၀၁၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကာ ဟိုင်းဝေးကားလမ်းအပြင် မီးရထားလမ်းပါဖောက်လုပ်ရန်စီစဉ်ထားကြောင်း သိရပါသည်။

၁၄။ စစ်ကိုင်းပြတ်ရွေ့ကြောရှိ စစ်ကိုင်း-မန္တလေးအပိုင်း၌
ငလျင်ဆိုင်ရာလေ့လာမှုစတင်ပြုလုပ်သွားမည်
ဟုသိရ

ယခုနှစ်အတွင်းစစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက်ရှိ စစ်ကိုင်း-မန္တလေးအပိုင်း၌ငလျင်ဆိုင်ရာ လေ့လာမှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

"ပွင့်လင်းရာသီမှာငလျင်နဲ့ပတ်သက်တဲ့လေ့လာမှုတွေ လုပ်မှာပါ။ စစ်ကိုင်း-မန္တလေးအပိုင်းမှာ စတင်လေ့လာဖို့ရှိပါတယ်" ဟု မြေငလျင်ကော်မတီမှာ အတွင်းရေးမှူး ဦးစိုးသူရထွန်းကပြောသည်။

စစ်ကိုင်းပြတ်ရွေ့သည် ကီလိုမီတာအားဖြင့်၁၀၀၀ ကျော်ရှိကြောင်းနှင့် ပူတာအို-မြစ်ကြီးနားပိုင်း၊ တကောင်း-မန္တလေးပိုင်း၊ သာစည်-ပျဉ်းမနားပိုင်း၊တောင်ငူ-ပဲခူပိုင်းနှင့် ပဲခူး-မုတ္တမ(အက်မဒန်)ပိုင်းဟူ၍ပါဝင်ကြောင်းသိရသည်။

## ပြည်ပသတင်း

၁။ ရေကြီးစဉ်အတွင်းလွတ်မြောက်သွားသည့် မိကျောင်းကောင်ရေ ၁၀၀ ခန့်
ထိုင်းအာဏာပိုင်များရှာ
ဖွေနေ

ထိုင်းအာဏာပိုင်များသည် နိုင်ငံအလယ်ပိုင်း ယူထိုင်းသန်နီပြည်နယ်ရှိမိကျောင်းမွေးမြူရေး

စခန်းတစ်ခုမှ ရေကြီးစဉ်အတွင်းလွတ်မြောက်သွားခဲ့သည့် မိကျောင်းကောင်ရေ ၁၀၀ ခန့်ကို ရှာဖွေလျက်ရှိကြောင်း ဘန်ကောက်ပို့စ်အွန်လိုင်းသတင်းကဖော်ပြသည်။ ထိုင်းနိုင်ငံ၏ တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ထိန်းသိမ်းရေးဌာနတာဝန်ရှိသူများက မိကျောင်းများလွတ်မြောက်နေသည့်အတွက် စိတ်ပူခြင်းမရှိစေရန်နှင့် ပြန်လည်ဖမ်းဆီးရမိသော မိကျောင်းအချို့မှာလည်းလူသားများကိုတိုက်ခိုက်တက်သည့် ဗီဇမရှိကြောင်းဆိုထားသည်။

ထိုဌာန၏ လက်ထောက်အကြီးအကဲ သီရာပတ်ပရာယွန်းဆစ်ကလည်းလွတ်မြောကသွားသော မိချောင်းအများစုမှာ အရွယ်ငယ်ပြီး ခန္ဓာကိုယ်အရှည်တစ်မီတာအောက်သာရှိကြောင်း ၎င်းတို့သည်ရေထဲတွင်နေထိုင်ရသည်ကိုပိုမိုနှစ်သက်ပြီးရေစီးသည့်နေရာများကိုရှောင်ကြဉ်နေထိုင်လေ့ရှိကြောင်းဆိုသည်။ ယခုအခါ ၎င်းဌာနသည် မိကျောင်းများပြန်လည်ဖမ်းမိရေးအတွက် ထိုင်းငါးလုပ်ငန်းဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

မိကျောင်းမွေးမြူရေးစခန်းများကလည်းလွတ်မြောက်သွားသောမိကျောင်းများကိုပြန်ဖမ်းမိပါက တစ်ကောင်လျှင်ဘတ် ၃၀၀၀ စီပေးသွားမည်ဟု ကြေညာထားသည်။ထိုင်းနိုင်ငံတွင်မိကျောင်းမွေးမြူရေးစခန်း ၃၀ ခန့်ရှိပြီး မိကျောင်းသားဖောက်သည့် လုပ်ငန်း ၉၀၀ ခန့်လည်း ရှိနေသည်။ ထိုင်းသည် ကမ္ဘာ့အကြီးဆုံး မိကျောင်းမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့်နိုင်ငံဖြစ်ပြီးနိုင်ငံတစ်ဝန်းထိန်းသိမ်းမွေးမြူထားသော မိကျောင်းကောင်ရေ ၂၀၀၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။

၂။ အမေရိကန်နိုင်ငံဆိုင်ရာ ဆော်ဒီသံအမတ်ကြီးကို လုပ်ကြံမှု၌
တိုက်ရိုက်ပါဝင်ပတ်သက်သည်ဆိုခြင်း
ကို အီရန်နိုင်ငံက ငြင်းဆို

အီရန်နိုင်ငံ သက်ဆိုင်ရာ အာဏာပိုင်များက
အမေရိကန်နိုင်ငံဆိုင်ရာဆော်ဒီသံအမတ်ကြီး
ကိုလုပ်ကြံရန် ကြိုးစားခဲ့မှု၌ အီရန်နိုင်ငံအစိုးရက တိုက်ရိုက်ပါဝင်ပတ်သက်နေသည်ဟူသောအမေရိကန်၏ စွပ်စွဲချက်ကိုအောက်တိုဘာလ ၁၄ ရက်နေ့တွင်ငြင်းဆိုလိုက်ကြောင်း သိရသည်။ကုလသမဂ္ဂဆိုင်ရာ အီရန်နိုင်ငံကိုယ်စားလှယ် အလီရီဇာမာယူဆိုဇီမားက အဆိုပါစွပ်စွဲချက်နှင့်
ပတ်သက်၍ အမေရိကန်သည် အီရန်နိုင်ငံနှင့်တိုက်ရိုက်ဆွေးနွေးမှု ပြုလုပ်ခဲ့ခြင်းမရှိဟု ဆိုသည်။ အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရအမျိုးသမီး ဗစ်တိုးရီးယားနူလန်က အမေရိကန်သည် အဆိုပါကိစ္စနှင့်ပတ်သက်၍ အီရန်နိုင်ငံနှင့်တိုက်ရိုက်ဆက်သွယ်ခဲ့သည်ဟုသတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သော်လည်း အီရန်နိုင်ငံက အမေရိကန်သည်၎င်းတို့နှင့် ဆက်သွယ်မှုမရှိဟု ယခုကဲ့သို့ ငြင်းဆိုလိုက်ခြင်းဖြစ်သည်။ အောက်တိုဘာလ၁၁ ရက်နေ့ကအမေရိကန်တရားရေးရာဌာနသည် အမေရိကန်နိုင်ငံသား ပတ်စပို့နှင့် အီရန်နိုင်ငံသားပတ်စပို့ နှစ်ရပ်လုံးကိုကိုင်ဆောင်ထားသော မန်ဆာအာဘတ်ဆာယာ ၅၆ နှစ်နှင့် အီရန်နိုင်ငံသား ပိုလမ်ရာကူရီတို့အား အီရန်အစိုးရက ဆော်ဒီသံအမတ်ကြီး အဒယ်အယ်ဂျူဘီယာကို လုပ်ကြံရန်အပါအဝင်အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်တိုက်တွန်းကာ စပွန်ဆာပေးခဲ့သည်ဟု စွပ်စွဲခဲ့သည်။သို့သော်အီရန်နိုင်ငံမှသက်ဆိုင်ရာ အာဏာပိုင်များက အမေရိကန်တို့၏ စွပ်စွဲချက်သည် အခြေအမြစ်မရှိဟုဆိုကာငြင်းဆန်ပယ်ချခဲ့သည်။

၃။ နယူးဇီလန်နိုင်ငံအနီး သောင်တင်၍ ဆီယိုနေသော သင်္ဘော ထက်ပိုင်းကျိုးနိုင်

နယူးဇီလန်နိုင်ငံအနီး သန္တာကျောက်တန်းများပေါ်တွင်သောင်တင်၍ဆီများယိုဖိတ်နေသော သင်္ဘောသည် ထက်ပိုင်းကျိုးနိုင်ပြီး ဆီအမြောက်အမြား ထပ်မံယိုစိမ့်မည့်အပေါ် စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ၎င်းသင်္ဘော ကပ္ပတိန်အားနယူးဇီလန်နိုင်ငံတွင်တရားစွဲထားကြောင်းသိရသည်။

ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်သော ကုန်သေတ္တာတင်သင်္ဘော "ရီနာ"၏ဝမ်းဗိုက်ပိုင်း၌ အက်ကြောင်းများတွေ့ရှိလာရကြောင်း သင်္ဘောမှာလည်း မုန်တိုင်းထန်နေသော ပင်လယ်ပြင်တွင်တစ်ဖက်စောင်းနေကြောင်း နယူးဇီလန်ဝန်ကြီး ချုပ် ဂျွန်ကီးက ပြောသည်။

လိုက်ဘေးရီးယားနိုင်ငံအလံလွှင့်တင်ထားသော အောက်တိုဘာ ၅ ရက်နေ့တွင် နယူးဇီလန်နိုင်ငံမြောက်ကျွန်း ကမ်းခြေမှ ၁၅ မိုင်အကွာ Astrolabe သန္တာကျောက်တန်း၌သောင်တင်ခဲ့ပြီးရေနံတန် ၃၀၀ ခန့်ယိုစိမ့်ခဲ့ကာ နယူးဇီလန်၏ သဘာဝအလှပဆုံးပင်လယ်ပြင်ကိုညစ်ညမ်းစေခဲ့သည်။ အကယ်၍သာ သင်္ဘောထက်ပိုင်းကျိုးသွားပြီး ရေနံတန်ပေါင်း ၁၇၀၀ လုံးအန်ထွက်လာပါက နယူးဇီလန်နိုင်ငံအနေဖြင့် ပိုမိုဆိုးဝါးသောဘေးအန္တရာယ်နှင့်ကြုံတွေ့ရနိုင်ကြောင်းတာဝန်ရှိသူများကသတိပေးထားသည်။

၎င်းသင်္ဘောပေါ်တွင် ကန်သေတ္တာအလုံးရေ ၁၃၆၈ ခန့်တင်ဆောင်ပြီး
အလုံးရေ၇၀ခန့်ရေ
ထဲကျသွားပြီဖြစ်သည်။ အသက်၄၄ နှစ်အရွယ် ဖိလစ်ပိုင်ကပ္ပတိန်အားလည်းအန္တရာယ်ကျရောက်အောင်ခုတ်မောင်းမှုဖြင့်တရားစွဲဆိုထားသည်။

၄။ စင်ကာပူပင်လယ်ရေကြောင်းပြတိုက်တွင် ပင်လယ်တွင်းမုန်တိုင်းမိသည့်
သရုတ်သတိုင်းဖန်တီးထား

စင်ကာပူနိုင်ငံ၏ ပထမဦးဆုံးပင်လယ်ရေကြောင်းဆိုင်ရာပြတိုက်သို့
အလည်လာရောက်သူ
များအနေဖြင့် ပင်လယ်ပြင်ရှိ ပြင်းထန်းသော မုန်တိုင်းတိုက်ခတ်မှုအတွေ့အကြုံမျိုးကိုတွေ့ကြုံခံစားနိုင်မည်ဖြစ်ကြောင်းသိရသည်။ ပင်လယ်ရေကြောင်း အတွေ့အကြုံပြတိုက်နှင့် ငါးပြတိုက်(MEMA) အားလာမည့်ရက်သတ္တပတ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ထိုပြတိုက်ရှိ သင်္ဘောနစ်မြှုပ်မှု သရုပ်သကန်များကို ဖန်တီးထားမည်ဖြစ်ကြောင်းသိရသည်။ ထိုဇတ်ရုံတွင် သင်္ဘောတစ်စင်း၏ကုန်းပတ်သဏ္ဍာန်ဖန်တီးထားပြီး ထိုင်ခုံပေါင်း ၁၅၀ ပါရှိကာ ၃၆၀ ဒီဂရီ ရှုဖန်သားတစ်ခုလည်းရှိနေကြောင်းသိရသည်။ လေဝင်လေထွက်ပေါက်များနှင့် အင်ဂျင်များမှ နေ၍ လေနှင့်မိုးတို့ ထုတ်လွှတ်ပေးကာ ပင်လယ်ပြင်မှ မုန်တိုင်းတစ်ခုအသွင်သို့ ဖြစ်ပေါ်စေမည်ဖြစ်သည်။

သင်္ဘောက ရေလှိုင်းတစ်ခုနှင့် တိုးတိုက်သည့်အချိန်တွင် ထိုင်ခုံပေါ်ရှိဧည့်သည်များမှာပင်လယ်ထဲတွင်သင်္ဘောနစ်မြှုပ်သွားသကဲ့သို့ ခြောက်မိတာခန့်နိမ့်ဆင်းသွားမည်ဖြစ်သည်။ ပြတိုက်လာဧည့်ပရိတ်သက်များအနေဖြင့် အရှေ့တောင်အာရှတွင် နစ်မြှုပ်ခဲ့သော်ရှေးအကျဆုံးတရုတ်သင်္ဘောပျက်ထဲမှ
ဆယ်ယူရရှိသောရှေးအသုံးအဆောင်ပစ္စည်းများကိုလည်းကြည့်ရှုနိုင်မည်ဖြစ်သည်။
ထိုအသုံးအဆောင်ပစ္စည်းများမှာ ဆူမာတြားအရှေ့ဘက် အင်ဒိုနီးရှားနိုင်ငံ၏ ဘာတာအူကျွန်းအ

နီးတွင် ဆယ်ယူရရှိသောပစ္စည်းအမည် ၁၆၀၀ ထဲမှ အချို့လည်းဖြစ်သည်။ ရှေးအသုံးအဆောင်ဒ ဂါးများလည်းအပါအဝင်ဖြစ်သည်။ MEMA ၏ သုတေသနနှင့် လေ့လာစူးစမ်းရေးဌာန၏ တွဲဖက်ပါ မောက္ခ ဂျွန်မိုက်ဆစ်က ဘာကာအူသင်္ဘောပျက်သည် လူအများ မကြားခဲ့ဘူးသည့် အကြောင်း များထဲမှ အလွန်အရေးပါမှုတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဘာကာအူသင်္ဘောပျက်မှ စုဆောင်းထားသည့် ပစ္စည်းများအပြင်အခြားသောသင်္ဘောပျက် နှစ်စင်းမှ စုဆောင်းထားသော ပစ္စည်းများကိုလည်း
ငှားရမ်းကာMEMA တွင်ပြသထားခဲ့သည်ဟုသိ
ရသည်။ အလားတူပင် ခေတ်အဆက်ဆက်မှ သင်္ဘောပျက်တို့၏ပုံစံတူများကိုလည်း ဖန်းတီးပြ သထားသည်ဟုဆိုသည်။ ပြတိုက်နှင့် မုန်တိုင်းဇာတ်ရုံတို့တွင် အသီးသီးသတ်မှတ်ထားသည့် ဝင် ကြေးများဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပြီး ငါးပြတိုက်ကိုမူ လာမည့်နှစ်တွင် ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သိရသည်။

၅။ ဘူတန်ဘုရင် သာမန်အရပ်သူနှင့် ထိမ်းမြားလက်ထပ်

ဘူတန်ဘုရင် နှင့် အသက် ၂၁ နှစ်အရွယ် ကျောင်းသူတို့၏ ထိမ်းမြားလက်ထပ်ပွဲကိုဗုဒ္ဓယဉ် ကျေးမှုအစဉ်အလာများဖြင့် အောက်တိုဘာ ၁၃ ရက်နေ့က ကျင်းပခဲ့သည်။

မြို့တော်ဟောင်း ပူနာခါရှိ ခမ်းနားထည်ဝါလှသည့် ၁၇ ရာစုက တည်းကအခိုင်အမာတည် ဆောက်ထားသည့် ဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလာအခမ်းအနားကိုကျင်းပခဲ့ပြီးဘူတန်ဘုရင် သည် မိဖုရားဖြစ်လာသည့်အရပ်သူကို သရဖူနှင်းအပ်ခဲ့သည်။

အောက်စဖို့ဒ်တက္ကသိုလ်ဆင်း အသက် ၃၁ နှစ်အရွယ်ရှိ နဂါးဘုရင်နန်းတက်သည့်၂၀၀၈ခု နှစ် တွင်ဘူတန်၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိုစတင်ခဲ့သည်။

သာမန်အရပ်သူကျောင်းသူတစ်ဦးဖြစ်ပြီးလေယာဉ်မှူးတစ်ဦး ၏သမီးဖြစ်သူ Jetsun
Pema
၏ အလှအပနှင့် သူမကိုချစ်ခင်နှစ်သက်မှုများကြောင့် နှစ် ၁၀၀ အတွင်းငါးဆက်မြောက်ထီးနန်း ဆက်ခံသည့်ဘူတန်ဘုရင် Jigme Khesea Namgyal
Wangchuk ကလက်ထပ်ထိမ်းမြားခဲ့ခြင်းဖြစ်
သည်။

ဘူတန်ဘုရင်၏ မင်္ဂလာပွဲကို နိုင်ငံတစ်ဝန်းရှိ လူ ခုနှစ်သိန်းကြည့်ရှုနိုင်ရန်အတွက်
တိုက်ရို
က်ထုတ်လွှင့်ပြသမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံအတွင်းရှိမြို့များနှင့် ကျေးလက်များတွင်ကခုန်သီဆို ခြင်းနှင့်သောက်စားမှုများပါဝင်သည့် ပျော်ပွဲရွှင်ပွဲများကို သုံးရက်ကြာကျင်းပခဲ့သည်။

စီးပွားရေးတိုးတက်မှု ကိန်းညွှန်းအစားအမျိုးသားပျော်ရွှင်မှုကိန်းညွှန်းကိုဦးစားပေးသည့်က မ္ဘာ့တစ်ခုတည်း သော နိုင်ငံဖြစ်သည့် ဘူတန်နိုင်ငံတွင် နိုင်ငံခြားရုပ်သံထုတ်လွှင့်မှုများကို ၁၉၉၉ ခုနှစ်မတိုင်ခင်အထိတားမြစ် ပိတ်ပင်ထားခဲ့သည်။

၆။ ကဒါဖီ၏ စတုတ္ထမြောက်သားကို ဆာတေးမြို့၌ ဖမ်းဆီးရမိ

ပြုတ်ကျသွားသော လစ်ဗျားခေါင်းဆောင် ကဒါဖီ၏ စတုတ္ထမြောက် သားမူတက်ဆင်ကဒါ

ကို အမျိုးသားကူးပြောင်းရေးကောင်စီ၏ တပ်ဖွဲ့ဝင်များက အောက်တိုဘာလ ၁၂ ရက်နေ့တွင်ဖမ်းဆီးရမိကြောင်း လစ်ဗျားအမျိုးသား ကူးပြောင်းရေးကောင်စီမှ ကာကွယ်ရေးထိပ်တန်းအာဏာပိုင်တစ်ဦးဖြစ်သော မိုဟာမက်တေနက်ဖ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ကဒါဖီအစိုးရလက်အောက်၌ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သောမူတက်ဆင်သည်ဆာတေးမြို့၌ ခိုအောင်းနေကြောင်း လွန်ခဲ့သည့်စက်တင်ဘာလ ကတည်းက အမျိုးသားကူးပြောင်းရေးကောင်စီက ကြိုတင်ခန့်မှန်းနိုင်ခဲ့သည့် အမျိုးသားကူးပြောင်းရေးကောင်စီသည် ကဒါဖီအပေါ် သစ္စာရှိသောတပ်များ တပ်စွဲထားသည့် နောက်ဆုံးမြို့နှစ်မြို့ဖြစ်သော ဆာတေးနှင့် ဘန်နီဝါလစ်တို့အနက် ဆာတေး၌ မူတက်ဆင်ရှိပြီး ဘန်နီဝါလစ်၌ ဆာအိအယ်လ်အစ္စလာမ်ကဒါဖီရှိကြောင်း ကြိုတင်ထုတ်ပြန်ထားခဲ့သည်။

၇။ ဘဝဆုံးတော့မည့် နာတာရှည်ရောဂါဝေဒနာရှင်များအား
အိမ်အရောက်အခမဲ့ကုသစောင့်ရှောက်ပေး
ရန်စီစဉ်

ဆေးရုံတွင်သာဘဝနိဂုံးချုပ်ရမည့်နာတာရှည်လူနာများအိမ်မှာနေရင်းဆေးကုသမှုပေးသည့်အစီအစဉ်ကြောင့်ထိုလူနာများ၏ဘဝနိဂုံးချုပ်သည့်အချိန်ထိအခမဲ့ဆေးဝါးကုသပေးခြင်း၊ပြုစုစောင့်ရှောက်ပေးခြင်းနှင့်စိတ်ပိုင်းဆိုင်ရာ လူမှုရေးပံ့ပိုးခြင်းတို့ကို ခံစားခွင့်ရရှိလာစေမည်ဖြစ်ကြောင်းသိရသည်။ ထိုအစီအစဉ်မှာ ဘက်စုံပေါင်းစည်းထားသော စောင့်ရှောက်မှုအေဂျင်စီ ALC ကသေရတော့မည့်လူနာတို့၏ ဘဝအရည်အသွေးတိုးတက်မှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း AIC အကြီးအကဲ ဒေါက်တာဝမ်လောင်းမန်က ပြောကြားခဲ့သည်။
AIC အားကျန်းမာရေးဝန်ကြီးဌာန
ကဖွဲ့စည်းထူထောင်ထားခြင်းဖြစ်ကာ ရေရှည်ပြုစုစောင့်ရှောက်မှုကဏ္ဍအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းလည်းဖြစ်သည်။

ထိုအစီအစဉ်၏ ကနဦးရည်ရွယ်ချက်မှာ ကင်ဆာရောဂါဝေဒနာရှင်များအတွက် အိမ်အရောက်လိုက်လံစောင့်ရှောက်ပေးရန်ဖြစ်သော်လည်းပိုမိုဆိုးရွားလာမည့်အခြေအနေတွင်ရှိနေသောနာတာရှည်ရောဂါသည် အရေအတွက်တိုးပွားလာခြင်းနှင့် ထိုရောဂါဝေဒါနာရှင်တို့မှာလည်းကင်ဆာရောဂါသည်များကဲ့သို့ ဒုက္ခဝေဒနာများခံစားနေရသည့်အတွက်နာတာရှည်ရောဂါသည်အုပ်စုအတွက် လိုအပ်နေသည့် စောင့်ရှောက်မှုပြုပေးခြင်းဖြစ်ကြောင်း ဒေါက်တာဝမ်က ပြောကြားခဲ့သည်။ထိုသို့သော နာတာရှည်ရောဂါသည် များတွင် နောက်ဆုံးအဆင့်ရောက်ရှိနေသည့်အဆုတ်နာရောဂါသည်များတွင် နောက်ဆုံးအဆင့်ရောက်နေသည့် အဆုတ်နာရောဂါသည်များ နလုံးရောဂါဝေဒနာသည်များနှင့်အသည်းရောဂါဝေဒနာရှင်များပါဝင်နေသည်ဟု သိရသည်။

၈။ ရေကြီးမှုကြောင့် ထိုင်းဆန်တင်ပို့မှုကို ထိခိုက်လာနိုင်

နှစ် ၅၀ အတွင်းအဆိုးဝါးဆုံး ရေကြီးမှုကြောင့် လယ်မြေများ၊ ဆန်စက်များရေမြုပ်ခဲ့ပြီးထိုင်းဆန်ထုတ်လုပ်မှုကို ထိခိုက်ခဲ့ချိန်တွင် ထိုင်းနှင့် ပြိုင်ဘက် ဗီယက်နမ်နိုင်ငံကဆန်တန်၅၀၀၀၀၀ခန့်တိုးမြှင့်တင်ပို့မှု ကိုထိခိုက်လာနိုင်ကြောင်း သုံးသပ်မှုများပေါ်ထွက်လာခဲ့သည်။

ထိုင်းအစိုးရသစ်က လယ်သမားများကို ဈေးကွက်ပေါက်ဈေးထက် ပိုပေးကာဝယ်ယူသည့် အစီအစဉ် သစ်ကို အကောင်အထည်ဖော်နေချိန်တွင် ရေကြီးမှုများကြောင့် ထိုင်းဆန်များပျက်စီး ခဲ့ရာ အာရှအရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့တွင် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်လာနိုင် ကြောင်းစိုးရိမ်မှုများရှိခဲ့သည်။

ဆိပ်ကမ်းများရေမြုပ်နေမှုကြောင့်ဆန်တန် ၃၀၀၀၀၀ ခန့်တင်ပို့မှုကို ဆိုင်းငံ့ထားရကြောင်း ကုန်သည်များက အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ရေကြီးမှုများကြောင့် ယ ခုလတွင် စတင်ရိတ်သိမ်းမည့် ဆန်အထွက်မှာ တန် ၂၅ သန်းမှ ၂၁ သန်းသို့လျော့ကျသွားနိုင် ကြောင်း အစိုးရက ခန့်မှန်းထားသည်။

ထို့အပြင် ရေကြီးမှုများကြောင့် ထိုင်းနိုင်ငံ၏ အဓိကပို့ကုန်တစ်မျိုးဖြစ်သောသကြားထုတ် လုပ်မှုမှာလည်းထိခိုက်ခဲ့သည့် ကြံစိုက်ဧရိယာRAI ၂၀၀၀၀၀ ခန့်ထိခိုက်ခဲ့ကြောင်း ကြံနှင့် သကြား လုပ်ငန်းဌာနက ပြောကြားခဲ့သည်။

၉။ ၂၀၂၀ ပြည့်နှစ်တွင် လယ်သမား သန်း ၁၀၀ ခန့်မြို့ပြသို့ရွှေ့ပြောင်းလာမည်ဟု တရုတ်ပြောကြား

တရုတ်လယ်သမားသန်း ၁၀၀ ကျော်သည် ၂၀၂၀ပြည့်နှစ်တွင်မြို့ပြသို့ရွှေ့ပြောင်းလာမည် ဖြစ်သောကြောင့် မြို့ပြစီမံကိန်းရေးဆွဲသူများနှင့်လူမှုဖူလုံရေးစနစ်တို့အတွက် စိန်ခေါ်မှု များဖြစ် လာနေကြောင်း တရုတ်အစိုးရ အစီရင်ခံစာတစ်စောင်ကခန့်မှန်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် တွင်မြို့ပြလူဦးရေးသည်သန်း ၈၀၀ ထိရှိလာပြီး ၂၀၁၀ ပြည့်နှစ်က ၆၆၆ သန်းရှိရာမှ မြင့်တက်လာမည်ဖြစ်ကြောင်း အမျိုးသားလူဦးရေနှင့် မိသားစုစီမံကိန်းကော်မရှင်အစီ ရင်ခံစာက ဖော်ပြခဲ့သည်။ တရုတ်ရွှေ့ပြောင်းအလုပ်သမားသန်းပေါင်းများစွာသည် မြို့ပြသို့စုပြုံ ရောက်ရှိလာကြသည်။

ရွှေ့ပြောင်းအခြေချလုပ်သားများစွာသည် ဒုတိယတန်းစားနိုင်ငံသားများအဖြစ် ပြုမူဆက်ဆံ ခံရလေးရှိသည်။

မြို့ပြတွင် နေထိုင်နေကြသော်လည်းရွှေ့ပြောင်းအခြေချအလုပ်သမားများသည်ကျေးလက် နေလူထုအဖြစ်သာ စာရင်းဝင်ဆဲဖြစ်သည်။ ထိုအတွက်ကြောင့် ရွှေ့ပြောင်းအခြေချလုပ်သားများ သည် လူမှုဖူလုံရေးအကျိုးခံစားခွင့်မရရှိဘဲ ၎င်းတို့၏ ကလေးများကိုလည်း အစိုးရကျောင်းများ တွင် ထားရန်စရိတ်ပိုမိုကုန်ကျစေသည်။

၁၀။ ဘင်္ဂလားဒေ့ရှ်တွင် ဒေါ်လာ ၁၃၀ တန်လက်ပ်တော့ထုတ်လုပ်

ဘင်္ဂလားဒေ့ရှ်က အောက်တိုဘာလ ၁ရက်နေ့တွင်ဒေါ်လာ၁၃၀ တန်ပြည်တွင်းဖြစ် Laptop ကို ထုတ်လုပ်ခဲ့ပြီး နိုင်ငံအတွင်းဒစ်ဂျစ်တယ်ကွာဟမှုကို ကျဉ်းမြောင်းသွားစေရန်ကြိုးပမ်းခဲ့သည်။

မြို့တော်ဒါကာတွင် ကျင်းပသည့် လက်တော့ပ်စတင်ဖြန့်ဖြူးသည့်အခမ်းအနားတွင်ဝန်ကြီး ချုပ်ရှိတ်ဟာဆီနာ က Doel ဟု အမည်ပေးထားသည့် လက်ပ်တော့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၂၀၁၂ ခုနှစ်တွင် ဝင်ငွေအလယ်အလတ်အဆင့်နိုင်ငံသို့ ရောက်ရှိစေရန် အထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံပိုင်ဆိုင်ရာ ဆက်သွယ်ရေး ကုမ္ပဏီ TSS ကထုတ်လုပ်သည့် Doel လက်ပ်တော့အမျိုး အစားလေးမျိုးရှိပြီး အနိမ့်ဆုံးဒေါ်လာ ၁၃၀ ဖြစ်ကာ အမြင့်ဆုံးဒေါ်လာ၃၄၀ကျော်ဖြစ်ကြောင်းအစိုး

ရပြောခွင့်ရပုဂ္ဂိုလ်ရှီဖာရက်ဟိုစိန်က ပြောကြားခဲ့သည်။

Doel ၏အဓိပ္ပါယ်မှာ ငှက်ကျားဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၏ အမျိုးသားအထိမ်းအမှတ်ငှက်ဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းစီးပွားရေးပျမ်းမျှ ခြောက်ရာခိုင်နှုန်းကျော်တိုးတက်နေခဲ့သော်လည်း နည်းပညာပျံ့နှံ့စိမ့်ဝင်မှုမှာ နိမ့်ကျနေဆဲဖြစ်သည်။

၁၁။ ဧဝရတ်ပေါ်တွင် သန့်စင်ခန်းများထားရန် တောင်းဆိုမှုများရှိလာ

ဧဝရတ်တောင်ပေါ်သို့တက်ရောက်သည့် တောင်တက်သမားများ အတွက်ရွှေ့ပြောင်းသယ်ဆောင်နိုင်သော သန့်စင်ခန်းများ တပ်ဆင်ပေးစဉ်းစားရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က နီပေါအစိုးရကို တိုက်တွန်းခဲ့သည်။

နီပေါရှိ တောင်ဘက်အခြေစိုက်စခန်းမှ နှစ်စဉ်တောင်တက်သမားများစွာ တက်ရောက်နေကြပြီး တောင်သန့်ရှင်းရေးအတွက်သန့်စင်ခန်းများ ထားရှိပေးရန် တိုက်တွန်းကြောင်းဟိမဝန္တာဂေဟဗေဒထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သည်။

တောင်တက်အဖွဲ့များသည် သန့်စင်ခန်းသုံးဘူးများသယ်ဆောင်လာကြကြောင်း သို့သော်လည်း သယ်သူများသည် ချန်ထားခဲ့လေ့ရှိကြကြောင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ပြောကြားခဲ့သည်။ လတ်တလောတွင် ဧဝရတ်တောင်တက်သူများသည်ဒေါ်လာ၄၀၀၀ကြိုငွေပေးထားရပြီး ယူသွားခဲ့သည့် ပစ္စည်းအားလုံးပြန်လည်သယ်ဆောင်နိုင်ကြောင်းပြသမှုကြိုငွေပြန်ထုတ်ပေးသည့် စနစ်ဖြင့် တောင်ပေါ်တွင် ပစ္စည်းများမစွန့်ပစ်စေရန် ဆောင်ရွက်ထားသည်။

၂၉၀၂၉ ပေမြင့်သော ဧဝရတ်တောင်ပေါ်တွင်ကျန်ခဲ့သည့်အညစ်အကြေးများနှင့်ပတ်သက်၍ ကိန်းဂဏန်းအတိအကျမရှိသေးပေ။

ဧဝရတ်တောင် စူးစမ်းလေ့လာရေးအဖွဲ့က ၂၀၀၈ ခုနှစ်နောက်ပိုင်းလူရုပ်အလောင်း လေးခု၊ လူသားအညစ်အကြေး ၄၀၀ ကီလို၊ အမှိုက်၁၃ တန်ကျော်စုဆောင်းရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

၁၉၅၃ ခုနှစ်က ကမ္ဘာ့အမြင့်ဆုံးတောင်ဧဝရတ်တောင်ထိပ်သို့ အက်ဒမန်ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့ပြီး နောက်ဧဝရတ်တောင်ကို တက်ရောက်ရန်လူ ၄၀၀၀ နီးပါးက ကြိုးပမ်းခဲ့ပြီးဖြစ်သည်။

## အားကစား(ပြည်ပ)

၁။ ၁၄ နှစ်အရွယ် အင်္ဂလန်လူငယ်အား ချယ်လ်ဆီးခေါ်ယူ

ချယ်လ်ဆီးအသင်းသည် ၁၄ နှစ်အရွယ် သာရှိသေးသောအင်္ဂလန်လူငယ်ကစားသမားဖြစ်သူ အိုလူဝါအိုဂျီးအားခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ချယ်လ်ဆီးသည် အိုဂျီးအားပေါင်းနှစ်သန်းဖြင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ၎င်း၏ကလပ်အသင်းဖြစ်သော MK Dons (လိဂ်ဝမ်းကလပ်) လူငယ်အသင်းမှ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အိုဂျီးက "ဒီလိုဖြစ်လာတာကို ကျွန်တော်အရမ်းအံ့သြပါတယ်။ ဒီအသက်အရွယ်နဲ့ ဒီလိုအောင်မြင်လာခဲ့တာဟာ ကျွန်တော်အတွက်ဖိအားဖြစ်စေပါတယ်။ ဒါပေမယ့် ကျွန်တော်ဒီစိန်ခေါ်မှုကိုကျေနပ်ပါတယ်" ဟု ဆိုခဲ့သည်။ အိုဂျီးသည် အသက် ၁၄ နှစ်သာရှိသော်လ

ည်း အင်္ဂလန်ယူ ၁၆ အသင်းတွင်ကစားနေသူဖြစ်သည်။

၂။ ဝေဖန်မှုများကို မန်ယူတိုက်စစ်မှူးရွန်နီပြက်ရယ်ပြု

အင်္ဂလန်အသင်းနှင့် မန်ယူအသင်းတို့၏ တိုက်စစ်မှူးဖြစ်သူ ရွန်နီကငင်းအားဝေဖန်နေမှုများကိုပြက်ရယ်ပြုခဲ့ကြောင်းသိရသည်။ ရွန်နီသည် ပြီးခဲ့သည့်ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် မွန်တီနီဂရိုးအသင်းနှင့် ၂-၂ ဂိုးစီသရေကျခဲ့သောပွဲတွင် တစ်ဖက်ကစားသမားအားအသားလွတ်ကန်ကျောက်ခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ်ခံခဲ့ရသလို ၎င်းထွက်သွားအပြီးတွင် အင်္ဂလန်အသင်းမှာ ချေပဂိုး ပေးခဲ့ရကာ သရေကျခဲ့သည်။ ရွန်နီ၏ ယင်းလုပ်ရပ်အတွက် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အင်္ဂလန်လက်ရွေးစင်အသင်း၌ ရွေးချယ်ခံရလိမ့်မည်မဟုတ်ဟု ၁၄ နှစ်သာရှိသော်လနေလျက်ရှိရာ ရွန်နီကယင်းဝေဖန်မှုများအတွက် ပြက်ရယ်ပြုခဲ့ခြင်းဖြစ်သည်။ ရွန်နီက "ဒီသတင်းတွေကိုကြားရတာကျွန်တော့်အတွက်တော့ ဟာသတစ်ခုပါပဲ" ဟု ဆိုခဲ့သည်။

၃။ အင်္ဂန်လန်နည်းပြရာထူးကို မိမိဘယ်တော့မှ လက်ခံမည်မဟုတ်ဟု အာဆင်ဝင်းဂါးဆို ကစားသမား များကိုရောင်းချပြီးသတ်ပစ်နေသည်ဟု အာဆင်နယ်အားကစားသမားဟောင်းပီတစ်စွပ်စွဲ

ယူရို ၂၀၁၂ ပြိုင်ပွဲအပြီးတွင် အင်္ဂလန်အသင်းနှင့်နည်းပြကာကယ်လိုတို့လမ်းခွဲတော့မည်ဟုသတင်းများ ထွက်ပေါ်နေလျက်ရှိသလို ကာပယ်လိုနေရာတွင် အာဆင်နယ်အသင်းနည်းပြဖြစ်သူအာစင်ဝင်းဂါးအားအစားထိုးခန့်အပ်ရန်သတင်းများထွက်ပေါ်နေရာ အာစင်ဝင်းဂါးကအင်္ဂလန်အသင်းနည်းပြရာထူးကို မိမိဘယ်တော့မှ လက်ခံမည်မဟုတ်ဟုဝန်ခံပြောကြားခဲ့သည်။အာဆင်နယ်အသင်း၏ ကစားသမားဟောင်းဖြစ်သူပီတစ်ကအာဆင်နယ်အသင်းမှာကစားသမားများကိုရောင်းချပြီး ဘဝသေဆုံးအောင်လုပ်ပစ်နေသူဟုစွပ်စွဲပြောကြားခဲ့သည်။

ဝင်းဂါးက"နိုင်ငံခြားသားမန်နေဂျာတစ်ယောက်ဟာ ယူရိုပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့မယ်ဆိုရင် အင်္ဂလိပ်မန်နေဂျာတစ်ယောက်လောက်မပြည့်စုံသေးဘူးလို့ သူတို့ဝေဖန်ကြပါလိမ့်မယ်၊ အင်္ဂလန်နည်းပြရာထူးအတွကဆိုရင် ဟယ်ရီရက်နက်ပ်က အဆင်သင့်ဖြစ်နေပါလိမ့်မယ်။သူဟာ အင်္ဂလိပ်လူမျိုးတစ်ဦးပါ။ ဒီရာထူးကို ဟယ်ရီသာရခဲ့မယ်ဆိုရင်သူကိုယ်တိုင်လည်းပျော်ရွှင်သွားပါလိမ့်မယ်" ဟုဆိုခဲ့သည်။

ကစားသမားဟောင်း ပီတစ်ကမူ"တစ်ချိန်တုန်းက အာဆင်နယ်အသင်းဟာ ကျွန်တော်တို့ကို အသုံးချခဲ့ပါတယ်။ ဘားကမ့်၊ အွန်နရီ၊ ဗီယာရာ၊ ပီရက်စ်နဲ့ ကျွန်တော်အပါအဝင် ပေါ့" ဟု ပြောကြားခဲ့သည်။ ပီတစ်သည် အာဆင်နယမှဘာစီလိုနာသို့ကစားဖော်အိုဗားမားစ်နှင့်အတူရောင်းချခံရပြီးနောက် ၎င်း၏ကစားသမားဘဝမှာလည်း မှေးမှိန်ကာ အဆုံးသတ်ခဲ့သည်။

၄။ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းအတွက်ရောင်းရငွေကို အသင်းပိုင်ရှင်မိုဗစ် လုံးဝထိမည်မဟုတ်

ချယ်လ်ဆီးအသင်းဥက္ကဋ္ဌဖြစ်သူ ဘရစ်က်က လက်ရှိကွင်းဖြစ်သောစတမ်းဖို့ဒ်ဘရစ်ချ်ကွင်းရောင်းချရငွေအား အသင်းပိုင်ရှင်ဖြစ်သူ အေဗရာမိုဘစ်မှာ လုံးဝသုံးစွဲမည်မဟုတ်ကြောင်း အာမခံပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပရိတ်သတ် ၅၅၀၀၀ မှ ၆၀၀၀၀အထိဝင်ဆံ့နိုင်မည့်

ကွင်းသစ်စီမံကိန်းအားအကောင်အထည်ဖော်နေလျက်ရှိရာ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းအား ရောင်းချရန်စီစဉ်နေခြင်းလည်းဖြစ်သည်။

ဘရုစ်ဘက်က "မိုဘစ်ဟာ ဒီအသင်းကို ပေါင်သန်း ၈၀၀ နဲ့ ရင်းနှီးမြှုပ်နှံထားတာပါ။ ကွင်းသစ်အတွက်လည်းပေါင်သန်း၅၀၀ လောက်သူအိတ်စိုက်ပြီးသုံးစွဲရပါဦးမယ်။ သူဟာချယ်လ်ဆီးအသင်းရဲ့ ပရိတ်သတ်တစ်ဦးဖြစ်သလို လေးစားစရာကောင်းတဲ့ပုဂ္ဂိုလ်တစ်ဦးပါ။ စတမ်းဖို့ဒ်ဘရစ်ချ်ဒီထက်ပိုကြီးကျယ်လာမယ့် ကိစ္စကို သူကလုပ်ဆောင်နေတာပါ။ ချယ်လ်ဆီးပရိတ်သတ်တွေစိတ်ထိခိုက်မယ့်လုပ်ရပ်မျိုးလုပ်မှာ မဟုတ်ပါဘူး"ဟုပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ကွင်းသစ်စီမံကိန်းအတွက်စုစုပေါင်း ကုန်ကျငွေပေါင်သန်း၅၀၀ မှ ၅၅၀ အထိရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

## ဟာသ

၁။ ရည်ရွယ်ချက်ကြီးမားလိုက်တာ
ကုမ္ပဏီတွင် လုပ်နေသော သူငယ်ချင်းနှစ်ဦးဆုံရာဝယ်-
"မင်းတို့ရုံးက စာရေးမအလန်းလေး မတွေ့ပါလား"
"အလုပ်ထွက်သွားပြီ"
"အလုပ်ရလို့ ပြောင်းသွားတာလား"
"ဟုတ်ဘူး။သူ့ကောင်လေးဆီဆက်ဖို့ ဟန်းဖုန်းဖိုးစုမိသွားလို့"
"ဟိုက်"

၂။ ကိုယ်ချင်းလည်းစာပါ သူငယ်ချင်းရာ
စာအုပ်စင်ကဏ္ဍလာပေးသော သူငယ်ချင်းက အယ်ဒီတာအား-
"သူငယ်ချင်း ကိုယ့်စာအုပ်လေးစာအုပ်စင်ကဏ္ဍမှာ ထည့်ပေးပါကွာ"
"ထည့်ပေးရမှာပေါ့ကွာ ဒီနေ့မှ ထုတ်တဲ့စာအုပ်ပေါ့လေ"
"ဟုတ်ဖူးကွ ၊ ထွက်တာ သုံးလလောက်ရှိပြီ"
"ဟေ.....ဒါဆို ထွက်တုန်းက ဘာလို့လာမပေးတာလဲ"
"ရောင်းတာ....လက်ကျန်တွေအများကြီးကျန်လို့ကွ"
" ဟိုက်"